FSIN
FOOD SECURITY INFORMATION NETWORK

# စားနပ်ရိက္ခာဖူလုံရေးစာစဉ်-ဇူလိုင်လ ၂၀၁၃

## ထူးခြားဖြစ်စဉ်များနှင့်ကြိုတင်သတိပေးချက်များ

| ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|

**ရည်ရွယ်ချက်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက် ။** စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာနောက်ဆုံးအခြေအနေတင်ပြချက် (FSUs) တွင် ၁။ ကြိုတင်သတိပေးခြင်း (EW)နှင့် ၂။ အဓိကပြည်နယ် နှင့်ဒေသများ၏အခြေအနေအား အစီရင်ခံခြင်း(SitRep)ဟူ၍အဓိကအပိုင်း၂ ပိုင်းပါဝင်သည်။ EW အပိုင်းကစားနပ်ရိက္ခာဖူလုံမှုအခြေအနေအပေါ်လက်ရှိသက်ရောက်မှုဖြစ်နေသော မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပျက်နေသည့်အဓိကအဖြစ်အပျက်များအား အလေးထားဖော်ပြပေး နေသည်။ ထိုအဖြစ်အပျက်များအားအလေးထားဖော်ပြခြင်းအားဖြင့် ရေတိုကာလ တွင်စားနပ်ရိက္ခာဖူလုံမှုအခြေအနေဆိုးရွားရန်အလားအလာရှိသည့် မြို့နယ်များအားဖော်ထုတ်နိုင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့်တုန့်ပြန်ဆောင် ရွက်မှုများပြုလုပ်ခြင်း များ လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ WFP သည်စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာသတင်းအချက်အလက်ကွန်ယက် (FSIN) ကသတ်မှတ်ထားသောစားနပ်ရိက္ခာ ဖူလုံမှုအညွှန်း ကိန်းများအရ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများသိသာစွာကျဆင်းနေမှုအပေါ်မူတည်ကာ ဆိုးရွားမှုအဆင့်ကိုနည်းပါးအဆင့်၊ အလယ်အလတ်အဆင့် နှင့်မြင့်မားအဆင့် ဟူ၍စနစ်တကျအမျိုးအစားခွဲခြားသတ်မှတ်ထားသည်။ ထို့နောက် အခြေအနေ ဆိုးရွားမှုအဆင့်ကိုဆုံးဖြတ်ရန်အတွက် အညွှန်းကိန်းမှတ်များအားပေါင်းလိုက်ခြင်းဖြစ်သည်။ ထိုနည်းပညာကိုအောက်တွင်အကျဉ်းချုပ်ဖော်ပြထားသည်။ အခြေအနေအား အစီရင်ခံသည့်အပိုင်း(SitRep)တွင်မူ မြန်မာနိုင်ငံရှိအဓိက ဒေသ နှင့်ပြည်နယ်များ အတွင်းစားနပ်ရိက္ခာ ဖူလုံမှုအခြေအနေနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအားလစဉ်တင်ပြပေးနေခြင်းဖြစ်သည်။ အခြေအနေအားအစီရင်ခံရာတွင် စားနပ်ရိက္ခာဖူလုံမှုအခြေအနေပြောင်း လဲဖြစ်ပေါ်မှုအဆင့်ဆင့်ကိုလစဉ်အနေဖြင့်ပေါင်းရုံးဖော်ပြကာ FSIN ၏အချိန်အလိုက်စောင့်ကြည့်မှုများအတွက်ပိုမိုအသေးစိတ်ကျသည့် အချက်အလက်များ ပံ့ပိုး ပေးရာ၌အထောက်အကူပေးလျက်ရှိသည်။

**သတင်းအချက်အလက်ရင်းမြစ် ။** စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာနောက်ဆုံးတင်ပြချက် (FSUs) တွင်ပါဝင်သည့်သတင်းအချက်အလက်များကို ကွင်းဆင်းဝန်ထမ်းများ၏ လေ့လာတွေ့ရှိချက်များ အကဲဖြတ်တွက်ချက်မှုမှရသည့် သတင်းအချက်အလက်၊ လူထုအဖွဲ့အစည်းများ၏အစီရင်ခံစာများသို့မဟုတ် အကူအညီပေးရန်မေတ္တာရပ်ခံချက် များ၊ လုပ်ကိုင်ဆောင်ရွက်ပေးရန်အစိုးရထံမှမေတ္တာရပ်ခံချက်များနှင့် သတင်းမီဒီယာများထံမှ သတင်းအချက်အလက်များအပါအဝင် သတင်းရင်းမြစ်အမျိုးမျိုးမှရရှိသည်။ လစဉ်နောက်ဆုံးအစီရင်ခံစာကို http://www.fsinmyanmar.net. တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။.

| FSIN စားနပ်ရိက္ခာဖူလုံမှုအမျိုးအစားများ | FSIN အဓိကညွှန်းကိန်းများ | | | |
|---|---|---|---|---|
| ယေဘူယျစားနပ်ရိက္ခာဖူလုံမှု | ▪ သီးနှံထုတ်လုပ်မှု | ▪ ဝင်ငွေမရှိခြင်း | ညွှန်းကိန်းအသီးသီးပေါ် ဆိုးကျိုးသက်ရောက်မှုကိုအောက်ပါအတိုင်းသတ်မှတ်ထား သည်။ | အခြေအနေဆိုးရွားမှတ်မှာအညွှန်းကိန်းမှတ်များအားပေါင်းထားခြင်းဖြစ်ပြီး အောက်ပါအတိုင်းအမျိုးအစားခွဲခြားထားသည်။ |
| အတန်အသင့်စားနပ်ရိက္ခာဖူလုံမှု | ▪ သိုလှောင်စားနပ်ရိက္ခာ | ▪ အာဟာရအလွန်ချို့တဲ့မှု | | |
| စားနပ်ရိက္ခာမဖူလုံမှုမြင့်မား | ▪ ဈေးကွက်သိုလှောင်မှု | ▪ ရောဂါ | နည်းပါး= 1 | ဆိုးရွားမှုနည်းပါး <2 |
| အခြေအနေဆိုးရွား | ▪ ဝယ်ယူနိုင်စွမ်း | ▪ ရွှေ့ပြောင်းလုပ်ကိုင်မှု | အလယ်အလတ်= 2 | ဆိုးရွားမှုအလယ်အလတ် 12 မှ 17 |
| အရေးပေါ်အခြေအနေ | ▪ အခြားအစားအစာစားသုံးမှု | ▪ ကိုင်တွယ်ဖြေရှင်းမှု | မြင့်မား = 3 | ဆိုးရွားမှုမြင့်မား > 17 |

## ကြိုတင်သတိပေးချက်အစီရင်ခံစာ : ဇူလိုင်လတွင်းအစီရင်ခံခဲ့သည့်အဓိကပြဿနာများ

| ဆိုးရွားမှု | ပြဿနာ | ပြည်နယ် | မြို့နယ် | ပြဿနာဆိုးရွားမှုကိန်း | လတ်တလော FSIN အမျိုးအစားများ[1] | | | တိုက်ရိုက်သက်ရောက်မှုနှင့်လူထုအပေါ်သက်ရောက်နိုင် ဖွယ်များ |
|---|---|---|---|---|---|---|---|---|
| | | | | | ကြို | လယ် | နှောင်း | |
| နည်းပါး | မြေပြိုမှုများ | မကွေး | ပခုက္ကူ | 8 | | | | ရေဝတီမြစ်ကမ်းပါးမြေပြိုမှုဖြစ်ပွားသဖြင့်ပခုက္ကူရှိကျေးရွာ၃ရွာတွင်အိမ်ထောင်စု၂၀၅စု(နှင့်လူဦးရေ၈၃၅ဦး)၊ရေနံချောင်းရှိကျေးရွာ၂ရွာတွင်အိမ်ထောင်စု၃၅စု(နှင့်လူဦးရေ၁၇၀)တို့နေရာရွှေ့ပြောင်းရသည်။ ဇူလိုင်လကမြေပြိုမှုကြောင့်လွယ်ဂျယ်သို့သွားသည့်လမ်းပိတ်သွားခဲ့ပြီး ဦးခေါင်ပါဒုက္ခသည်စခန်းမှအဆောက်အအုံများပျက်စီးခဲ့ရသည်။လွယ်ဂျယ်သို့သွားသည့်လမ်းမှာတစ်ပတ်ခန့်ကြာအောင်သွားလာ၍မရဖြစ်နေပြီး အသွားအလာပြတ်တောက်ခဲ့သည်။ဦးခေါင်ပါဒုက္ခသည်စခန်းတွင်မိသားစု ၁၃စုနေအိမ်များပျက်စီးခဲ့ရပြီးစာသင်ကျောင်းတစ်ကျောင်းနှင့်ဒုက္ခသည်စခန်းမှအိမ်သာများပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်းအစီရင်ခံထားသည်။ |
| | | | ရေနံချောင်း | 8 | | | | |
| | | ကချင် | မိုးမောက် | 4 | n/a | n/a | n/a | |
| | | | မိုးမောက် | 2 | n/a | n/a | n/a | |
| အလယ်အလတ် | ရေလွှမ်းမိုးမှု | ကရင် | ဖားအံ | 15 | n/a | n/a | n/a | ဇူလိုင်လနောက်ဆုံးပတ်ကကရင်ပြည်နယ်တွင်ရက်အတန်ကြာမိုးသည်းထန်စွာရွာသွန်းမှုကြောင့်မြို့နယ်၅ခုရေနစ်မြုပ်ခဲ့ပြီးအိမ်ထောင်စုပေါင်း ၆၈၀၀သို့မဟုတ်လူဦးရေ၄၀၀၀၀ခန့်ရွှေ့ပြောင်းကြရသည်။ရွှေ့ပြောင်းလာသူ များသည်ဖားအံ၊လှိုင်းဘွဲ့၊ကော့ကရိတ်၊ကြာအင်းဆိပ်ကြီး နှင့်မြဝတီရှိယာယီဒုက္ခသည်စခန်းများတွင်နေထိုင်ကြရသည်။ ရွှေ့ပြောင်းနေထိုင်မှုမှာခဏသာဖြစ်သော်လည်းကောက်ပဲသီးနှံများ၊သိုလှောင်စားနပ်ရိက္ခာများနှင့်ကျွဲနွားများပျက်စီးဆုံးရှုံးမှုမှာသိသာစွာများပြားခဲ့သည်။စုစုပေါင်းစပါးခင်းဧက၄၅၀၀၀ရေလွှမ်းမိုးခဲ့ပြီးဧက၁၁၀၀၀မှာသိသိသာသာပျက်စီးဆုံးရှုံးခဲ့(ယနေ့အချိန်အထိတွင်ဧက၃၉၀၀ပျက်စီးကြောင်းအတည်ပြု)သည်။အလားတူလမ်းများနှင့်သောက်သုံးရေအရင်းအမြစ်များအပါအဝင်အခြေခံအဆောက်အအုံများလည်းထိခိုက်ပျက်စီးခဲ့သည်။ |
| | | | လှိုင်းဘွဲ့ | | | | | |
| | | | ကော့ကရိတ် | | | | | |
| | | | ကြာအင်းဆိပ်ကြီး | | | | | |
| | | | မြဝတီ | | | | | |
| မြင့်မား | အစီရင်ခံရန်မရှိပါ။ | | | | | | | |

### အရေးယူဆောင်ရွက်မှု/ ဆောင်ရွက်ရန်လိုအပ်ချက်

မြေပြိုမှု — မကွေးနှင့်ကချင်ပြည်နယ်တွင်အကျိုးသက်ရောက်ခံရသည့်ကျေးရွာများ/ဒုက္ခသည်စခန်းများ၏အခြေအနေကိုWFPနှင့်စားနပ်ရိက္ခာကဏ္ဍတွင်းရှိအခြားအဖွဲ့များက ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်သည်။ထိုမြေပြိုမှုများကပမာဏအနည်းငယ်သာဖြစ်သည့်အတွက်အစိုးရထံမှအထောက်အပံ့နှင့်အတူဒေသခံအသိုင်းအဝိုင်းကအကျိုးသက်ရောက်မှုများလျော့ပါးသက်သာအောင်ဆောင်

[1] FSIN စားနပ်ရိက္ခာဖူလုံမှုအမျိုးအစားကိုမုတ်သုံအကြိုမုတ်သုံအလယ်နှင့်မုတ်သုံနှောင်းပိုင်းဟူ၍အမျိုးအစားသတ်မှတ်ထားသည်။ အထက်ပါဇယားတွင်ပါဝင်သည့်အမျိုးအစားများသည် လစဉ်အစီရင်ခံစာမတိုင်မီပုံမှန်စောင့်ကြည့်ချိန်များကလေ့လာဆန်းစစ်ထားသည့် နောက်ဆုံးအမျိုးအစား၃ခုကိုအသေးစိတ်ဖော်ပြထားခြင်းဖြစ်သည်။

ရှက်နိုင်မည်ဖြစ်သည်။

ရေလွှမ်းမိုးမှု--- ကရင်ပြည်နယ်တွင်ဘေးအန္တရာယ်ဖြစ်ပွားမှုအတိုင်းအတာကိုအကဲဖြတ်ရန်WFPကအဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့ပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်WFPကလုပ်ပေးနိုင်သည့် အကြံပြုချက်များပေးခဲ့ သည်။ယခုအခါWFPသည်ရေဘေးဒုက္ခသည်များအားမည်သို့အကောင်းဆုံးအကူအညီပေးရမည်ကိုစဉ်းစားလျက်ရှိပြီးရေလွှမ်းမိုးမှု၏ရေရှည်အကျိုးသက်ရောက်မှု အလားအလာကို အကဲဖြတ်လျက်ရှိ သည်။

FOOD SECURITY INFORMATION NETWORK

# စားနပ်ရိက္ခာဖူလုံရေးစာစဉ်-ဇူလိုင်လ ၂၀၁၃

## ထူးခြားဖြစ်စဉ်များနှင့်ကြိုတင်သတိပေးချက်များ

<table>
<tr><th>FSIN</th><th>အခြေအနေ</th><th>အစီရင်ခံချက်</th></tr>
<tr><td>ကချင်ပြည်နယ်</td><td colspan="2">ဇူလိုင်လအတွင်းကချင်ပြည်နယ်ရှိစုစုပေါင်းဒုက္ခသည်ဦးရေမှာတည်ငြိမ်နေသော်လည်းမြစ်ကြီးနား၊ဝိုင်းမော်နှင့်ဗန်းမော်မြို့နယ်များရှိဒုက္ခသည်စခန်းများတွင်လူဦးရေတိုးလာသည်ကိုတွေ့ရှိရသည်။ထိုသို့ဖြစ်ရခြင်းမှာပို၍ခေါင်သည့်ဒုက္ခသည်စခန်းများမှဒုက္ခသည်များ၎င်းတို့၏ကလေးများကိုကျောင်းအပ်နိုင်ရန်အတွက်ဒုက္ခသည်များပြောင်းရွှေ့လာမှုကြောင့်ဖြစ်သည်။စားနပ်ရိက္ခာနှင့်အလှူငွေများလည်းဒုက္ခသည်စခန်းအများအပြားသို့ဆက်လက်ရောက်ရှိနေသည်။WFPသည်အစိုးရထိန်းချုပ်ထားသောဧရိယာများရှိဒုက္ခသည်စခန်းများအားလုံးသို့စားနပ်ရိက္ခာများဆက်လက်ကူညီထောက်ပံ့ပေးနေသည်။ဒုက္ခသည်၃၁၀၀၀ကျော်အတွက်စားနပ်ရိက္ခာမက်ထရစ်တန်၅၃၂တန်ဖြန့်ဖြူးပေးခဲ့သည်။တစ်ချိန်တည်းမှာပင် OXFAM/ KBC/ Shalom အဖွဲ့အစည်းများကလည်းမြစ်ကြီးနား၊ဝိုင်းမော်၊မိုးညှင်း၊မိုးကောင်း၊ဖားကန့်နှင့်ကန်မိန်းမြို့နယ်များရှိစခန်း၃၆ခုမှဒုက္ခသည်၁သောင်းနီးပါးအတွက်ငွေကြေးအကူအညီ(တစ်ဦးလျှင်တစ်လ၆၀၀၀ကျပ်နှုန်းဖြင့်)ပေးခဲ့သည်။METTAအဖွဲ့ကဗန်းမော်၊မိုးမောက်၊မန်စီနှင့်ရွှေဂူမြို့နယ်များရှိဒုက္ခသည်များအတွက်ငွေကြေးအထောက်အပံ့များ(တစ်လလျှင်တစ်ဦး၇၅၀၀ကျပ်နှုန်းဖြင့်)ပြန်လည်ပေးအပ်ခဲ့သည်။KBCနှင့် KMSSတို့ကလည်းအစိုးရထိန်းချုပ်မှုအောက်တွင်မရှိသည့်ဒုက္ခသည်စခန်း၉ခုတွင်စားနပ်ရိက္ခာထောက်ပံ့မှုပြန်လည်ပေး အပ်ခဲ့သည်။METTAအဖွဲ့ကစားနပ်ရိက္ခာ ထောက်ပံ့ပေးမှုရပ်တန့်လိုက်သည့်အတွက်လိုင်ဇာအတွက်စားနပ်ရိက္ခာဖူလုံမှုအခြေအနေမှာစိုးရိမ်စရာဖြစ်နေသည်။ ဇူလိုင်လတွင်IRRCကသာ လိုင်ဇာရှိဒုက္ခသည်များအတွက်ဆန်နှင့်ဆားများသာထောက်ပံ့ပေးနိုင်ခဲ့သည်။<br><br>ဇူလိုင်လကမြစ်ကြီးနား၊ဝိုင်းမော်နှင့်ဗန်းမော်မြို့နယ်များတွင်စပါးစိုက်ပျိုးရေးနှင့်ဆက်စပ်သည့်လုပ်ငန်းများအရှိန်မြင့်လုပ်ဆောင်လာသည့်အတွက်ဒုက္ခသည်စခန်းများတွင်အလုပ်အကိုင်အခွင့်အလမ်းများတိုးလာသည်။သို့ရာတွင်အမျိုးသားများကအမျိုးသမီးများထက်အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိသဖြင့်အမျိုးသမီးများမှာထိုအခွင့်အလမ်းများအားအသုံးချရန်ခက်ခဲပြီးနေအိမ်တွင်သာနေကာ သားသမီးငယ်များအားစောင့်ရှောက်ပေးနေရသည်ဟုအစီရင်ခံစာများတွင် ဖော်ပြထားသည်။ထို့ကြောင့်ဒုက္ခသည်များ၏ ၂၀ရာခိုင်နှုန်းကသာထိုအခွင့်အလမ်းများကိုရရှိခံစားနိုင်ခဲ့သည်။မှတ်မှတ်သားသားအားဖြင့်အလုပ်အကိုင် အခွင့်အလမ်းများ အတွက် ရွှေ့ပြောင်းသွားသည့်ဒုက္ခသည်များ(ရက်တော်ကြာသို့မဟုတ်လအတော်ကြာ)ရှိကြောင်းအစီရင်ခံစာအချို့ရှိသော်လည်း မည်သည့်ဒုက္ခသည်များနှင့်မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများကိုမူမသိရချေ။<br><br>ဇူလိုင်လကအစိုးရထိန်းချုပ်မှုအောက်ရှိဒုက္ခသည်စခန်းများနှင့်အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသည့်ဒုက္ခသည်စခန်း၂ခုလုံး၌ကျန်းမာရေးဆိုင်ရာနှင့် အာဟာရဓာတ်ဆိုင်ရာပြဿနာများရှိကြောင်းအစီရင်ခံထားသည်။ အစိုးရထိန်းချုပ်မှုအောက်ရှိစခန်းများ အထူးသဖြင့်မြစ်ကြီးနားနှင့်ဝိုင်းမော်တွင် ကလေးငယ်များ၌ဝမ်းပျက်ဝမ်းလျှောနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများယေဘုယျအားဖြင့်ဖြစ်ကြောင်း အစီရင်ခံထားသည်။သို့သော်အာဟာရအခြေအနေနှင့်ပတ်သက်ပြီးဆိုးဝါးသည်အခြေအနေမရှိကြောင်းတွေ့ရသည်။အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသည့်ဧရိယာများ အထူးသဖြင့်ဆဒေါင်နှင့်ချီဖွေမြို့နယ်များ၌အာဟာရဆိုင်ရာအစီအစဉ်များသည်လိုအပ်သည့်နေရာများတွင်လုံလောက်မှုမရှိကြောင်းအစီရင်ခံချက်များကြောင့် အာဟာရချို့တဲ့မှုမှာ အဓိကစိုးရိမ်စရာဖြစ်နေသည်။ သို့သော်၎င်းဒုက္ခသည်များမှာစားနပ်ရိက္ခာအကူအညီများရရှိကြသည်။<br><br>ဒုက္ခသည်စခန်းများအပြင်ဘက်တွင်စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နေသော်လည်း ဇူလိုင်လကမိုးရေလုံလောက်စွာမရသည့်အတွက်(သတင်းရင်းမြစ် -စိုက်ပျိုးရေးဌာန)စိုက်ပျိုးရာသီအောင်မြင်မှုမှာမေးခွန်းထုတ်စရာဖြစ်နေသည်။ မီဒီယာသတင်းများအရရွှေဂူမြို့နယ်တွင်မိုးရေမလုံလောက်မှုဒဏ်ကိုအဓိက ခံနေရသည်ဟုဆိုထားသည်။ ကချင်ပြည်နယ်မြောက်ပိုင်းပူတာအိုခရိုင်တွင်ဆန်ရှားပါးမှုဆက်လက်ဖြစ်နေသည့်အတွက် ထိုဧရိယာတွင်စားနပ်ရိက္ခာဖူလုံမှုအခြေ အနေမှာဆက်ပြီးမရေရာမသေချာဖြစ်နေသည်။ ပူတာအိုနှင့်မြစ်ကြီးနားသို့ဆက်သွယ်သည့်လမ်းမှာလုံခြုံရေးပြဿနာများဖြစ်နေသည့်အတွက် ဖြတ်သန်းသွားလာရန်အခက်အခဲဖြစ်နေပြီး ကုန်စည်စီးဆင်းမှုအပေါ်ကြီးစွာအကျိုးသက်ရောက်မှုဖြစ်နေသည်။နောင်မွန်း၊ခေါင်လန်ဖူးနှင့် မချမ်းဘောမြို့နယ်များမှာ ဆန်ဈေးများပုံမှန်ထက်နှစ်ဆမြင့်တက်သွားကာ အဓိကအားဖြင့်အကျိုးသက်ရောက်မှုခံနေရပုံပေါ်သည်။ ကချင်ပြည်နယ်၏အခြားအပိုင်းများတွင်လည်း မိုးဆက်လက်ရွာသွန်းနေမှုကြောင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများပိုဖြစ်လာသည့်အတွက် ဆန်ဈေးနှုန်းများ ရာသီအလိုက်မြင့်တက်လာသည်ကိုတွေ့ရသည်။</td></tr>
<tr><td>ရှမ်းပြည်နယ်</td><td colspan="2">ဇူလိုင်လကရှမ်းပြည်နယ်ရှိစောင့်ကြည့်နေသည့်ဧရိယာများတွင် မိုးဆက်လက်ရွာသွန်းနေခဲ့သည်။ရှမ်းပြည်မြောက်ပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှု ကြောင့်ပျိုးပင်များပျက်စီးခြင်း၊ပေါင်းမြက်များဖျက်ဆီးခြင်းတို့ဖြစ်ပေါ်ခဲ့ရသည်။ထိခိုက်မှုအများဆုံးမြို့နယ်များမှာကွတ်ခိုင်၊မူဆယ်နှင့်နမ့်ခမ်းမြို့နယ်များဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မန်တုန်တွင်မြေပြိုမှုအနည်းငယ်ဖြစ်ပွားခဲ့ပြီး လမ်းသယ်ယူပို့ဆောင်ရေးအပေါ်ထိခိုက်မှုဖြစ်စေခဲ့သည်။<br><br>ရှမ်းပြည်မြောက်ပိုင်းတွင်ဖူးစားပြောင်းများရင့်မှည့်နေပြီဖြစ်ပြီး တောင်သူများကဈေးနှုန်းနည်းနည်းဖြင့်ကြိုတင်ရောင်းချနေကြသည်။မန်တုန်နှင့်နမ့်ခမ်းမြို့နယ်များ၌ဇူလိုင်လကလက်ဖက်များဆက်လက်ခူးဆွတ်နေသည်။ရှမ်းပြည်တောင်ပိုင်းတွင် ဟိုပုန်းမှတောင်သူများသည်မြေနိမ့်စပါးစိုက်ပျိုးမှုနှင့် ဆေးလိပ်ဖက် စိုက်ပျိုးမှုဖြင့်အလုပ်များနေကြသည်။ဖယ်ခုံတွင်တောင်သူများမြေနိမ့်စပါးစိုက်ပျိုးရန် မိုးရေမလုံလောက်ကြောင်းအစီရင်ခံထားသည်။သို့သော်တောင်ပေါ်စပါးနှင့်ဂျုတ်သီးနှံများပေါင်းသင်မှုလုပ်ငန်းဆက်လက်လုပ်ကိုင်နေကြသည်။ အရွက်တွင်ကျရောက်သည့်ရောဂါများနှင့်မိုးနောက်ကျမှုက တောင်ပေါ်စပါးအထွက်အပေါ်အကျိုးသက်ရောက်မည်ဟုပြောကြသည်။သို့သော်အကျိုးသက်ရောက်မှုပမာဏအတိအကျကိုမူရှင်းရှင်းလင်းလင်းမသိရသေးချေ။ဆီဆိုင်တွင် မိုးရွာသွန်းမှုပုံမှန် မဟုတ်သည့်အတွက် ပြောင်း၊စပါးနှင့်အခြားသီးနှံများစိုက်ပျိုးမှုအပေါ်အကျိုးသက်ရောက်မှုရှိခဲ့သည်။တောင်သူအများစုသည် မြေနိမ့်စပါးစိုက်ပျိုးမှုတွင် ရေမလုံလောက်မှုနှင့်ကြုံတွေ့ခဲ့ရသည်။နောင်ကျော်၊ဘန့်ပွေးနှင့်ကုန်းဆွတ်ကျေးရွာအုပ်စုများမှာသက်ရောက်မှုအများဆုံးဖြစ်ခဲ့သည်။<br><br>ဇူလိုင်လကရှမ်းပြည်တောင်ပိုင်းတွင်ပေါင်းနှုတ်ခြင်းနှင့်အခြားစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ(ဘိန်းစိုက်ပျိုးရေးအပါအဝင်)ဆက်လက်လုပ်ကိုင်နေသည့်အတွက်အလုပ်အကိုင်အခွင့်အလမ်းများတိုးလာသည်။မှတ်မှတ်သားသားအနေဖြင့် ဘိန်းစိုက်ပျိုးရေးအတွက်လုပ်ကိုင်သည့်လုပ်ခလစာမှာအခြားသီးနှံ စိုက်ပျိုးရေးအတွက်ရသည့် လုပ်ခလစာထက်ပိုမြင့်မားနေသည်။<br><br>လားရှိုးမြို့နယ်တွင်ဂက်တုတ်ကွေးရောဂါဖြစ်ပွားကြောင်းတွေ့ရသော်လည်း ထိခိုက်ခံစားရသည့်ဂက်အရေအတွက်ကိုတိတိကျကျမသိရပါ။<br><br>ဇူလိုင်လကကွတ်ခိုင်တွင်ငှက်ဖျားရောဂါကိုအများအားဖြင့်တွေ့ရသည်။မူဆယ်နှင့်နမ့်ခမ်းမြို့နယ်၂မြို့လုံးတွင်ဝမ်းပျက်ဝမ်းလျှောရောဂါတွေ့ရှိရသည်။ ရှမ်းပြည်တောင်ပိုင်းတွင်ရာသီအလိုက်ဖြစ်သည့်တုတ်ကွေးနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကိုအများဆုံးတွေ့ရကြောင်းအစီရင်ခံထားသည်။</td></tr>
</table>

| | |
|---|---|
| မကွေးတိုင်း | အပူပိုင်းဇုန်တွင်စားနပ်ရိက္ခာဖူလုံမှုအခြေအနေမှာဇူလိုင်လအတွင်းတည်ငြိမ်မှုရှိနေသည်။ ဧပြီနှင့်မေလအတွင်းရေမလုံလောက်မှုမှာမုန်သုံမိုးကြောင့် သက်သာမှုရသွားသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးအခြေအနေအတွက်လည်းတိုးတက်မှုရှိလာပြီးကွဲပြားအစာများလည်းပိုမိုရရှိစေခဲ့သည်။ဇူလိုင်လတွင်နမ်းများ စတင်ရိတ်သိမ်းချိန်ဖြစ်သော်လည်း ဒေသတစ်လွှားမိုးရွာသွန်းမှုပုံမှန်မဟုတ်သည့်အတွက် ပထမနမ်းသီးနှံအထွက်အောင်မြင်မှုအပေါ်အကျိုးသက်ရောက်ခဲ့သည်။ ပခုက္ကူမြို့၊ရေစကြိုနှင့်ပေါက်မြို့နယ်များတွင် စောစောပိုင်းလေ့လာချက်များအရသီးနှံ၏၅၀%အောင်မြင်မည်သို့သော်အရည်အသွေးကောင်းမည်မဟုတ်၊ ကျန်၂၀%မှာခြောက်သွေ့ပျက်စီးမည်ဟုဖော်ပြထားသည်။ ရေနံချောင်းမြို့နယ်တွင်ကျေးရွာစရွာ၌ သီးနှံအားလုံးပျက်စီးပြီး ကျေးရွာသားများမှာအလုပ်အကိုင်ရှာဖွေရန်ရှမ်းပြည် နယ်သို့ပြောင်းရွှေ့သွားသည်သည်ဟု အစီရင်ခံထားသည်။ရောဂတီမြစ်အနောက်ပိုင်းတွင်လည်းအထူးသဖြင့် မိုးရွာသွန်းမှုနည်းပါးကြောင်း အစီရင်ခံထားသည်။ရောဂတီအရှေ့ဘက်ပိုင်းရှိ နတ်မောက်၊ရေနံချောင်းနှင့်ချောက်မြို့များ၌ ဒုတိယသီးနှံ(မြေပဲ၊နှမ်း၊ဂါဝွမ်း၊ပဲအမျိုးမျိုးအစရှိသဖြင့်)စိုက်ပျိုးရေးအတွက်ပြင်ဆင်ရန်မိုးရေလုံလောက်စွာရရှိကြောင်းအစီရင်ခံထားသည်။<br><br>ဇူလိုင်လကသွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှုသိသိသာသာများပြားလာသည်။အထူးသဖြင့်နတ်မောက်မြို့နယ်ရှိကလေးငယ်များအဖြစ်များခဲ့သည်။ ဒေသခံNGO အဖွဲ့ဖြစ်သောREAM၏အဆိုအရ ၎င်းတို့၏စီမံကိန်းဧရိယာအတွင်း၌အနည်းဆုံးကလေးငယ်၂ဦးသေဆုံးခဲ့သည်ဟုသိရသည်။<br><br>ဖွန်လနောင်းပိုင်းမှစကာဇူလိုင်လတစ်လလုံး ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ကမ္ဘာ့ကျန်းမာရေးအစီအစဉ်နှင့် Save the Children တို့ပူးပေါင်းကာအပူပိုင်းဇုန်တွင်စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဆိုင်ရာစစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့သည်။ နမူနာစစ်တမ်းကောက်ယူရမည့်အုပ်စုထဲတွင်မကွေး၊မန္တလေးနှင့် စစ်ကိုင်းဒေသတစ်လွှား အပူပိုင်းဇုန်အတွင်းရှိမြို့နယ်အားလုံးကိုထည့်သွင်းထားသည်။ရလဒ်များကိုလာမည့်လတွင်ရရှိမည်။ |

# စားနပ်ရိက္ခာဖူလုံရေးစာစဉ်-ဇူလိုင်လ ၂၀၁၃

## ထူးခြားဖြစ်စဉ်များနှင့်ကြိုတင်သတိပေးချက်များ

| FSIN | အခြေအနေ | အစီရင်ခံချက် |
|---|---|---|
| ရခိုင်ပြည်နယ် | ရခိုင်ပြည်နယ်တွင်စားနပ်ရိက္ခာဖူလုံမှုနှင့်အာဟာရဆိုင်ရာအခြေအနေမှာ အထူးသဖြင့်ပဋိပက္ခဖြစ်သည့်ဧရိယာများတွင်မရေရာမသေချာဖြစ်နေဆဲပင်ဖြစ်သည်။ ဇူလိုင်လကရခိုင်ပြည်နယ်အလယ်ပိုင်းရှိဒုက္ခသည်၁၃၀၀၀နီးပါးစားနပ်ရိက္ခာအထောက်အပံ့ရရှိပြီးရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဒုက္ခသည်၁၁၀၀၀နီးပါး အထောက်အပံ့ရရှိခဲ့သည်။ထို့အပြင်ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်၁၀၀၀တို့လည်းအထောက်အပံ့များရရှိခဲ့သည်။ အထောက်အပံ့များမှာလိုအပ်သလောက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် ဒုက္ခသည်စခန်းများရှိစားနပ်ရိက္ခာဖူလုံမှုအခြေအနေမှာ အတော်လေးတည်ငြိမ်မှုရှိနေသည်။ သို့သော်ဒုက္ခသည်များသည်အခြားအစားအစာများဝယ်ယူရန်နှင့် အခြားမပြည့်စုံသည့်လိုအပ်ချက်များဝယ်ယူရန်အတွက် ထိုစားနပ်ရိက္ခာအထောက်အပံ့ထဲမှအချို့ကိုပြန်လည်ရောင်းချသည့်အစီရင်ခံချက်များလည်းရှိနေသည်။ ဤအချက်ကအချို့စခန်းများတွင် အကူအညီအားမည်သို့ထောက်ပံ့ပေးနေသည်ကိုပြန်လည်သုံးသပ်ရန်လိုကြောင်းအလေးပေးဖော်ပြနေသည်။ ၎င်းတို့ပိုနှစ်သက်သည့်အခြေခံလိုအပ်ချက်များကောင်းစွာဖြည့်ဆည်းပေးနိုင်ရန်အတွက် အထူးသဖြင့်ငွေသားနှင့်ဖလှယ်မှုပမာဏမြင့်မားသော ဈေးကွက်များနှင့်နီးသည့်နေရာများသည်ဒုက္ခသည်များအတွက်ရွေးချယ်စရာတစ်ခုဖြစ်နိုင်သည်။ မီးစိုက်ရန် ထင်းများရှားပါးမှုမှာလည်းပြဿနာတစ်ရပ်ဖြစ်နေဆဲဖြစ်သည်။ ထိုပြဿနာကြောင့်အစားအစာနပ်မှန်အောင်မစားရခြင်းနှင့်ရောနှောအစားအစာများပြင်ဆင်အသုံးပြုရသည်ဟုဆိုသည်။ နေရာပြောင်းရွှေ့ခြင်းမရှိသည့်လူဦးရေများအကြားတွင် လုံခြုံမှုမရှိခြင်းကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်ဆက်လက်အကျိုးသက်ရောက်နေသည်။ လူထောင်ပေါင်းများစွာမှာအခြေခံအကူအညီများရရှိရာနေရာများသို့မသွားနိုင်အောင်ကန့်သတ်ထားခြင်းခံနေရသည်။အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုမြှင့်တင်ရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရန်အတွက် ဇူလိုင်လကအစိုးရသည်ပဋိပက္ခဒဏ်ခံနေရသည့်ကျေးရွာများတွင် စိုက်ပျိုးရေးသွင်းအားစုများထောက်ပံ့ပေးခဲ့သည်။မောင်တောတွင်စိုက်ပျိုးရေးဌာနက မျိုးစပါးတင်းပေါင်း၁၉၈၀၊ယူရီးယားဓာတ်မြေဩဇာအိတ်ပေါင်း၁၉၈၀နှင့်လယ်ထွန်စက်၃၃စီး ဖြန့်ဖြူးပေးခဲ့သည်။အလားတူရခိုင်ပြည်နယ်အလယ်ပိုင်းတွင်လည်း အစိုးရကမျိုးစေ့များနှင့်လယ်ထွန်စက်များထောက်ပံ့ပေးနေသည်။<br><br>အေဂျင်စီများအတွင်းလိုအပ်ချက်များလျှင်မြန်စွာအကဲဖြတ်မှုလုပ်ငန်းကို စစ်တွေမြို့ရှိအောင်မင်္ဂလာရပ်ကွက်တွင်ပြုလုပ်ခဲ့သည်။ စစ်တွေမြို့လယ်၌တည်ရှိသော်လည်းအောင်မင်္ဂလာရပ်ကွက်ရှိမူဆလင်လူဦးရေမှာ ၎င်းတို့ရပ်ကွက်ပြင်ပသို့မသွားနိုင်သဖြင့်ကျန်းမာရေးဆိုင်ရာဌာနများ၊စာသင်ကျောင်းများနှင့် ဈေးများအစရှိသည့်နေရာများသို့သွားရောက်နိုင်ခြင်းမရှိချေ။ ထိုတွေ့ရှိချက်ကကျန်းမာရေးနှင့်အာဟာရဆိုင်ရာအခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်စရာရှိနေကြောင်း ထောက်ပြနေသည်။ ထိုရပ်ကွက်တွင်MSFကရွေ့လျားဆေးပေးခန်းတစ်ခု မကြာသေးမီကဖွင့်လှစ်ပေးခဲ့သော်လည်း တစ်ပတ်နှစ်ကြိမ်သာ သွားရောက်ကုသပေးနိုင်သည့်အတွက် ကျန်းမာရေးလိုအပ်ချက်ကိုပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိချေ။ ထိုလူများအတွက်အာဟာရပြည့်ဝရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ပေးခြင်းမရှိချေ။ လူအတော်များများမှာအိမ်သာမရှိသည့်အတွက် သန့်ရှင်းမှုမရှိသည့်အခြေအနေကလည်း အာဟာရပြည့်ဝရေးဆိုင်ရာ အခြေအနေကိုပိုမိုဆိုးဝါးစေမည့်အလားအလာရှိနေသည်။<br><br>မုတ်သုံမိုးများဇူလိုင်လတွင်ပုံမှန်အားဖြင့်ရွာသွန်းသော်လည်း ဘူးသီးတောင်မြို့နယ်တွင်မိုးရွာသွန်းမှုမှာပုံမှန်ထက်၃၀ရာခိုင်နှုန်းလျော့နည်းခဲ့သည်။ မုတ်မုတ်သားသားအနေဖြင့် မောင်တောတွင်ပြင်းထန်သည့်မုတ်သုံလေနှင့်မိုးများကြောင့်ငါးဖမ်းလုပ်ငန်းအပေါ်အကျိုးသက်ရောက်မှုဖြစ်ကာငါးအထွက်၁၉ရာခိုင်နှုန်းနှင့် ပုဇွန်အထွက်၁၃ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့သည်။<br><br>ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဇူလိုင်လကလူပေါင်း၇၀၅၇၈ဦးကိုကယ်ဆယ်ရေးပစ္စည်းများဖြန့်ဖြူးပေးခဲ့သည်။ ၎င်းတို့ထဲတွင်အသက်၅နှစ်အောက်ကလေးငယ်များနှင့် PLW ၂၃၀၀၀ ကျော်ပါဝင်သည်။ | |

| | |
|---|---|
| **ချင်းပြည်နယ်** | ၂၀၁၂ခုနှစ်မုတ်သုံသီးနှံအထွက်သည်ထိုနှစ်အတွက်စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတော်လေးမလုံလောက်ခဲ့ချေ။ ၂၀၁၃ခုနှစ်တွင်ချင်းပြည်နယ်တစ်လွှား၌ ပုံမှန်ထက်ပိုရှည်ကြာသည့်စားနပ်ရိက္ခာမလုံလောက်မှုကိုရင်ဆိုင်နေရသည်။ ဇူလိုင်လတွင်စားနပ်ရိက္ခာမလုံလောက်သည့် သတင်းဆက်လက်ရှိနေသည်။ ထိုမလုံလောက်မှုများကြောင့်အိမ်ထောင်စုများသည်ဂယ်ယူစားသုံးမှုပုံစံပြောင်းလဲရသည်ကိုပြနေသည်။ ဉပမာအားဖြင့်မတူပီနှင့်ထန်တလန်တွင် အိမ်ထောင်စုများသည် စားသည့်အစာကိုလျှော့ချခြင်းနှင့်ဆန်ပြုတ်သောက်ခြင်းများပြုလုပ်ကြသည်ဟုဆိုသည်။ ထိုနည်းလမ်း၂ခုစလုံးကသိုလှောင်ဆန်နှင့်ပြောင်းတို့ကြာရှည်စားနိုင်အောင်ပြုလုပ်သည့်ယေဘူယျနည်းလမ်းများဖြစ်သည်။ အိမ်ထောင်စုများသည်စားနပ်ရိက္ခာလိုအပ်ချက်ကိုပံ့ပိုးပေးနိုင်ရန်အတွက် ၎င်းတို့၏ပြောင်းသီးနှံများရင့်မှည့်ချိန်မတိုင်မီ ယခုနှစ်အစောပိုင်းမှာပင်စတင်ရိတ်သိမ်းခဲ့ကြောင်း အစီရင်ခံစာများတွင်ဖော်ပြထားသည်။ သီးနှံရိတ်သိမ်းချိန်မှာ ဩဂုတ်လလယ်နှင့်လနှောင်းအချိန်နှင့် စက်တင်ဘာလအစောပိုင်းတွင်ဖြစ်သည်။ မှတ်မှတ်သားသားအနေဖြင့် ထန်တလန်မြို့နယ် (ဖာလန်လော်နှင့် Ngaphaite)တွင်လွန်ခဲ့သောလများကအစိုးရထံမှအထောက်အပံ့များရရှိနေသော်လည်း ဇူလိုင်လကကစားနပ်ရိက္ခာအထောက်အပံ့ပေးရန်မေတ္တာရပ်ခံခဲ့သည်။<br><br>ချင်းပြည်နယ်တစ်လွှားမြို့နယ်များတွင်ဇူလိုင်လကမိုးသည်းထန်စွာရွာသွန်းကြောင်းအစီရင်ခံထားသည်။ ထိုရလဒ်ကြောင့်မြေနိမ့်စပါးထွက်ရှိမှုအပေါ်အကျိုးသက်ရောက်မှုရှိနေသည်ဟုဆိုသည်။ ကွင်းဆင်းလေ့လာမှုများနှင့်လူမှုအသိုက်အဂန်းအစီရင်ခံစာများအရ စပါးပင်များရင့်မှည့်လာပြီးပေါင်းပင်များမှာအဓိကပြဿနာဖြစ်နေသည်။ ယခုရာသီ၏ထုံးစံအတိုင်းမိုးရွာသွန်းမှုကြောင့်လမ်းများပိတ်ထားရသည်။<br><br>ဟားခါးတွင်ဇူလိုင်လကဂက်များအမည်မသိရောဂါကြောင့်သေဆုံးခဲ့သည်။ ထို့ကြောင့်လူအများဂယ်ယူစားသုံးရန်စိုးရိမ်နေသည့်အတွက်ဂက်သားဂယ်လိုအားအပေါ်ထိခိုက်ခဲ့သည်။<br><br>ယခုနှစ်တွင်စားနပ်ရိက္ခာလုံလောက်မှုမရှိကြောင်းအစီရင်ခံနေသလို သီးနှံအထွက်လျော့နည်းမှုနှင့်သီးနှံဆုံးရှုံးမှုပမာဏများပြားလာခြင်းသည် ချင်းပြည်နယ်တွင်ဖြစ်နေကျဖြစ်သည်။ ပို၍ရေရှည်တည်တံ့သောစိုက်ပျိုးရေးစနစ်ကိုဆန့်ကျင်ကာ ပြောင်းရွှေ့စိုက်ပျိုးရေးအပေါ်တွင်ဆက်လက်မှီခိုနေသည့်အတွက် ယခုဖြစ်စဉ်ဖြစ်နေခြင်းဖြစ်သည်။ ထိုပြောင်းရွှေ့စိုက်ပျိုးနည်းစနစ်ကမြေဆီလွှာကုန်ခမ်းမှုဖြစ်စေကာ သီးနှံအထွက်များပို၍ကျဆင်းစေသည်။ ချင်းပြည်နယ်ရှိ စားနပ်ရိက္ခာကဏ္ဍမှမိတ်ဖက်များသည် လွတ်လပ်စွာစားနပ်ရိက္ခာဖြန့်ဖြူးပေးသည့်နည်းလမ်းနှင့်တစ်ခြားစီဖြစ်သည့် အရည်အချင်းတည်ဆောက်ပေးသောလုပ်ဆောင်မှုများမှတစ်ဆင့် စားနပ်ရိက္ခာလိုအပ်ချက်ကိုဖြည့်တင်းပေးရန်မျှော်လင့်ချက်ဖြင့် ရေရှည်တည်တံ့သောလူမှုအသိုက်အဂန်းအရည်အချင်းများ တည်ဆောက်ပေးရန်လုပ်ဆောင်နေပြီး ရေရှည်တည်တံ့သောစိုက်ပျိုးရေးစနစ်များဆီအသွင်ကူးပြောင်းရန်ကူညီပေးလျက်ရှိသည်။ |

FSIN သည်စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာထိပ်တန်းအဖွဲ့ကြီးများမှနည်းပညာဆိုင်ရာကျွမ်းကျင်သူများ၊ သတင်းအချက်အလက်စီမံခန့်ခွဲသူများ၏ကွန်ယက်တစ်ခုဖြစ်သည်။ FSIN သည်သတင်းအချက်အလက်စီးဆင်းမှုအဆင်ပြေအောင်ဆောင်ရွက်ခြင်း၊ စုံစမ်းအကဲဖြတ်သည့်လုပ်ငန်းများအား ညီညွှတ် မျှတအောင်ဆောင်ရွက်ခြင်း၊ ညှိနှိုင်းချိတ်ဆက်ထားသည့် FSMS ကိုစီမံခန့်ခွဲခြင်းအားဖြင့် သတင်းအချက်အလက်စနစ်များတိုးတက်စေရန်ဆောင်ရွက်နေသည်။ ယနေ့အချိန်အထိ FSIN တွင်ကုလသမဂ္ဂ အေဂျင်စီများ၊ INGO များနှင့်ဒေသတွင်းNGO အဖွဲ့များနှင့်CBO များအပါအဂင်အဖွဲ့ဂင်၂၉ဦးရှိသည်။ FSINနှင့်ပတ်သက်သည့်နောက်ထပ်သတင်းအချက်အလက်များအတွက် [*http://www.fsinmyanmar.net*](http://www.fsinmyanmar.net) သို့မဟုတ် *Thaung.htay@wfp.org* သို့ဆက်သွယ်ပါ။


FSIN သည်Food Security Trust Fund(LIFT)မှရန်ပုံငွေရရှိသည်

Livelihoods and Food Security Trust Fund